# 2nd Sunday of Easter (April 12, 2015)

## 1st READING: *Acts 4:32-35*

တမန်တော်ဝတ္ထု ၄း ၃၂-၃၅

ယုံကြည်သူအပေါင်းတို့၏အစုအဝေးသည်စိတ်နှလုံးတစ်လုံးတစ်ဝတည်းညီညွတ်စွာရှိကြ၍မည်သူမျှမိမိပိုင်ဆိုင်သောဥစ္စာပစ္စည်းကိုမိမိပိုင်သည်ဟုမပြောဆိုဘဲ၊ဥစ္စာပစ္စည်းရှိသမျှကိုအများပိုင်အဖြစ်ထားရှိကြ၏။ တမန်တော်တို့သည်သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကိုကြီးစွာသောတန်ခိုးနှင့်သက်သေခံကြ၍ကြီးမားသောကျေးဇူးတော်သည်သူတို့အားလုံးအပေါ်တွင်သက်ရောက်လေ၏။ သူတို့အလယ်တွင်ဆင်းရဲချို့တဲ့သူတစ်ယောက်မျှမရှိချေ။ အကြောင်းမူကား၊မြေများနှင့်အိမ်များကိုပိုင်ဆိုင်သောသူတို့သည်ရှိသမျှတို့ကိုရောင်းချ၍ရရှိသောငွေများကိုယူလာကြကာ။တမန်တော်တို့ခြေရင်းမှာထားကြ၏။ ထို့နောက်တမန်တော်တို့သည်ချို့တဲ့လိုအပ်သူများကိုအသီးသီးဝေငှကမ်းကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps 118:2-4, 13-15, 22-24

ဆာလံ ၁၁၈

**သံပြိုင်။ ။** ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းကြလော့။
R.  Give thanks to the LORD, for he is good, his love is everlasting.

၁။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းအစ္စရေးလ်လူမျိုးတို့ဝန်ခံကြစေ။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်း၊ အာရုန်၏အမျိုးအနွယ်တို့ဝန်ခံကြစေ။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းဘုရားသခင်ကိုကြောက်ရွံ့ရိုသေသူတို့ဝန်ခံကြစေ။**(သံပြိုင်)**
Let the house of Israel say, “His mercy endures forever.” Let the house of Aaron say, “His mercy endures forever.” Let those who fear the LORD say, “His mercy endures forever.”

၂။ ငါသည်ပြင်းထန်စွာတိုက်ခိုက်ခြင်းခံရသောကြောင့်အရေးနိမ့်လျက်ရှိသောအခါထာဝရဘုရားသည်ငါ့ကိုကူညီစောင့်ရှောက်တော်မူ၏။ ထာဝရဘုရားသည်ငါ၏ခွန်အားနှင့်ငါသီဆိုရာသီချင်းဖြစ်တော်မူ၏ ။ကိုယ်တော်သည်ငါ၏ကယ်တင်ခြင်းဖြစ်တော်မူ၏။ အောင်ပွဲခံရသောကြောင့်ဖြောင့်မတ်သောသူတို့၏တဲများ၌ဝမ်းမြောက်ဝမ်းသာသီဆိုကြသောသီချင်းသံများကိုနားထောင်ကြလော့။ **(သံပြိုင်)**
I was hard pressed and was falling, but the LORD helped me. My strength and my courage is the LORD, and he has been my savior. The joyful shout of victory in the tents of the just:

၃။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ ငါတို့မျက်စိထဲတွင်မူကား၊အံ့ဩဖွယ်ကောင်းလှပေ၏ ။ဤနေ့သည်ကား၊ထာဝရဘုရားစီရင်တော်မူသောနေ့ရက်ဖြစ်၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းစွာကျင်းပကြကုန်စို့။ **(သံပြိုင်)**
The stone which the builders rejected has become the cornerstone. By the LORD has this been done; it is wonderful in our eyes. This is the day the LORD has made; let us be glad and rejoice in it.

## 2nd READING: *1John 5:1-6*

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၁–၆**

သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို ယုံကြည်သူတိုင်းသည် ဘုရားသခင်၏ သားသမီးဖြစ်ပြီးမိဘကိုချစ်သူတိုင်းသည်လည်းသားသမီးကိုချစ်၏ ။ ငါတို့သည်ဘုရားသခင်ကိုချစ်ပြီးကိုယ်တော်၏ပညတ်တော်များကိုလိုက်နာသောအခါဘုရားသခင်၏သားသမီးများကိုငါတို့ချစ်ကြောင်းသိကြ၏ ။ အကြောင်းမူကားဘုရားသခင်ကိုချစ်ခြင်းဟူသည်မှာကိုယ်တော်၏ပညတ်တော်များကိုစောင့်ထိန်းခြင်းပင်ဖြစ်၏ ။ကိုယ်တော်၏ပညတ်တော်များသည်လည်းဝန်လေးသည်မဟုတ်ပေ။ အကြောင်းမူကားဘုရားသခင်မှဖွားမြင်သူတိုင်းသည်ကမ္ဘာလောကကိုအောင်မြင်၏ ။ကမ္ဘာလောကကိုအောင်မြင်ပြီးအောင်ပွဲခံနိုင်ရခြင်း၏အကြောင်းရင်းကားငါတို့၏ယုံကြည်ခြင်းပေတည်း။ မည်သူသည်ကမ္ဘာလောကကိုအောင်မြင်ပါသနည်း။ သခင်ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းယုံကြည်သူသာလျှင်မဟုတ်ပါလော။ရေနှင့်သွေးတို့ဖြင့်ကြွလာခဲ့သူကားယေရှုခရစ်တော်ပေတည်း။ ရေအားဖြင့်သာမဟုတ်ပဲရေနှင့်သွေးတို့ဖြင့်ကြွလာခဲ့ခြင်းဖြစ်၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 20:19-31*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀:၁၉-၃၁

ရက်သတ္တပတ်၏ ပထမနေ့၊ညနေအချိန်ရောက်သောအခါ တပည့်တော်တို့သည် ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မိမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ ထိုအချိန်၌သခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြတော်မူ၏။ တပည့်တော်တို့သည်လည်းသခင်ဘုရားကိုဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။ တဖန်ကိုယ်တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ငါသည်လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ ထို့နောက်ကိုယ်တော်သည်သူတို့အပေါ်သို့မှုတ်တော်မူလျက်သန့်ရှင်းသောဝိညာဉ်တော်မြတ်ကိုခံယူကြလော့။ အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ်များသည်ခွင့်လွှတ်ခြင်းခံရလိမ့်မည်။ အကြင်သူ၏အပြစ်များကိုသင်တို့တည်စေလျှင်ထိုအပြစ်များသည်တည်လျှက်ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။ တပည့်တော်ကြီးတစ်ဆယ့်နှစ်ပါးတွင်တစ်ပါးအပါအဝင်ဖြစ်သည့်ဒီဒီမုခေါ်သောသောမတ်မူကားယေရှုကြွလာတော်မူသောအချိန်တွင်တပည့်တော်တို့နှင့်အတူမရှိချေ။ အခြားသောတပည့်တော်တို့ကလည်းငါတို့သည်သခင်ဘုရားကိုဖူးမြင်ရပြီဟုသူ့အားဆိုကြ၏။သို့သော်သောမတ်ကကိုယ်တော်၏လက်တော်၌သံရိုက်ရာချက်ကိုငါမမြင်ရလျှင်၊သံရိုက်ရာချက်ထဲသို့ငါ၏လက်ညှိုးကိုမသွင်းရလျှင်၊ကိုယ်တော်၏နံဘေးတော်ကိုငါ၏လက်ဖြင့်မစမ်းသပ်ရလျှင်ငါယုံကြည်လိမ့်မည်မဟုတ်ဟုသူတို့အားဆို၏။ ရှစ်ရက်မြောက်သောနေ့၌တပည့်တော်တို့သည်အိမ်အတွင်း၌တဖန်စုဝေးလျက်ရှိကြစဉ်သောမတ်သည်လည်းသူတို့နှင့်အတူရှိ၏။ တံခါးများပိတ်ထားလျှက်ရှိသော်လည်းသခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သောမတ်အားသင်၏လက်ညှိုးကိုဤနေရာ၌သွင်း၍ငါ၏လက်များကိုကြည့်လော့။ သင်၏လက်ကိုလည်းဆန့်တန်း၍ငါ၏နံဘေးတော်ကိုစမ်းသပ်လော့။ ယုံမှားသံသယမဖြစ်လေနှင့်၊ယုံကြည်လော့ဟုမိန့်တော်မူ၏။ သောမတ်ကလည်းကျွန်ုပ်၏သခင်၊ကျွန်ုပ်၏ဘုရားဟုကိုယ်တော်အားပြန်လည်လျှောက်ထား၏။ သခင်ယေရှုကသင်သည်ငါ့ကိုမြင်သောကြောင့်ယုံကြည်သလော၊ငါ့ကိုမမြင်ရသော်လည်းယုံကြည်သောသူတို့သည်မင်္ဂလာရှိကြ၏ဟုမိန့်တော်မူ၏။ ဤကျမ်းစာ၌မှတ်တမ်းတင်မထားသည့်များစွာသောအခြားတန်ခိုးလက္ခဏာတို့ကိုလည်းသခင်ယေရှုသည်တပည့်တော်တို့ရှေ့မှောက်တွင်ပြတော်မူ၏။ သို့သော်သခင်ယေရှုသည်ဘုရားသခင်၏သားတော်မက်ဆိယသခင်ဖြစ်သည်ကိုသင်တို့ယုံကြည်ကြမည့်အကြောင်းနှင့်ထိုသို့ယုံကြည်ခြင်းဖြင့်ကိုယ်တော်၏နာမတော်၌သင်တို့သည်အသက်ကိုရကြမည့်အကြောင်းတို့ကြောင့်ဤအရာများကိုရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။